## မာတိကာ


၁)ရွေးကောက်ပွဲစည်းရုံးရေးလုပ်ငန်းစဉ်များ မနှောင့်နှေးစေရန်ယခုလအတွင်း ပါတီမှတ်ပုံတင်ရရှိရန် လိုကြောင်း ၉၀ အမတ်များတည်ထောင်သည့် UNDP ပါတီပြောကြား (၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၄ ရက်၊ The Daily ELEVEN)

၂)၂၀၂၀ ရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်ရန်၊ စစ်မှန်သည့်သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ရန်နှင့် Facebook ကို အလွဲသုံးခြင်း မရှိစေရန် ကြိုတင်ပြင်ဆင်နေကြောင်း Facebook တာဝန်ရှိသူများ သတင်းစာရှင်းလင်း (၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၊ ၆ရက်၊ The Dailiy ELEVEN၊ စာမျက်နှာ ၁၆)

၃) အထွေထွေရွေးကောက်ပွဲအောင်နိုင်ရေးအပါအဝင် အချက်ငါးချက်ဖြင့် ရည်ရွယ်ကျင်းပမည့် ပြည်ခိုင်ဖြိုးပါတီ ဗဟိုကော်မတီအစည်းအဝေး ယခုလအတွင်း ပြုလုပ်မည် (၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၊ ၁၀ရက် ၊ The Daily ELEVEN၊ စာမျက်နှာ ၃)

၄) ၂၀၂၀ရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသူစာရင်းပြုစုပြီးအခြေအနေသတ်မှတ်ရာတွင် ဧရာဝတီတိုင်းဒေသကြီးမှာတိုင်းနှင့် ပြည်နယ်များ၌ ဒုတိယနောက်ဆုံးအဆင့်၌ရှိနေ (၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၊ ၁၁ ရက်၊ The Daily ELEVEN ၊ စာမျက်နှာ ၂၅)


**၁)ရွေးကောက်ပွဲစည်းရုံးရေးလုပ်ငန်းစဉ်များ မနှောင့်နှေးစေရန်ယခုလအတွင်း ပါတီမှတ်ပုံတင်ရရှိရန်လိုကြောင်း ၉၀ အမတ်များတည်ထောင်သည့် UNDP ပါတီပြောကြား** (၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၄ ရက်၊ The Daily ELEVEN)

" ကျွန်တော်တို့က ရွေးကောက်ပွဲကိုဒေသတစ်ခုတည်း ဝင်မှာမဟုတ်ဘူး။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဝင်မှာ။ အဲ့ဒါကြောင့်ပါတီမှတ်ပုံတင်ချတာ နောက်ကျရင်ရွေးကောက်ပွဲ စည်းရုံးရေးကာလ အချိန်တိုသွားတာပေါ့။ အဲ့ဒါကြောင့် မြန်မြန်ချပေးစေချင်တယ်" ဟု UNDP ပါတီတည်ထောင်ရာတွင်ပါဝင်သူလည်းဖြစ်၊ ၁၉၉၀ ပေါတောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်သည့် ဦးဒေးဗစ်လှမြင့်က ပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၂) ၂၀၂၀ ရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်ရန်၊ စစ်မှန်သည့်သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ရန်နှင့် Facebook ကို အလွဲသုံးခြင်း မရှိစေရန် ကြိုတင်ပြင်ဆင်နေကြောင်း Facebook တာဝန်ရှိသူများ သတင်းစာရှင်းလင်း** (၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၊ ၆ရက်၊ The Dailiy ELEVEN ၊ စာမျက်နှာ ၁၆)

"Facebook အနေနဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့အခါမှာ Platform ကိုအလွဲသုံးပြုမှုတွေကို မဖြစ်အောင်လို့ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်နေပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ရင် မြန်မာပြည်တစ်ခုတည်းမဟုတ်ပါဘူး။ တခြားမှာကျင်းပခဲ့တဲ့ သင်ခန်းစာတွေကို ပြန်လည်သုံးသပ်ပြီးတော့ နောက်ရွေးကောက်ပွဲတွေမှာ ဒီလိုမျိုးမဖြစ်အောင် ပြုပြင်ပြောင်းလဲမှုတွေလုပ်ပါတယ်။ ဥပမာအားဖြင့်ပြောရရင် အမေရိကန်မှာ ပြုလုပ်ခဲ့တဲ့ရွေးကောက်ပွဲပေါ့။ အဲ့ဒီမှာရရှိခဲ့တဲ့ သင်ခန်းစာတွေကိုပြန်ပြီးတော့ လေ့လာသုံးသပ်ပါတယ်။ ပိုပြီးစစ်မှန်တဲ့သတင်းအချက်အလက်တွေ ရရှိနိုင်ဖို့အတွက် ဘယ်လိုမျိုးလုပ်ပေးရမလဲဆိုတာနဲ့ ပတ်သက်ပြီးတော့ ပြုပြင်ပြောင်းလဲမှုတွေလုပ်နေပါတယ် " ဟု ၂၀၂၀ ရွေးကောက်ပွဲနှင့်ပတ်သက်၍ အများပြည်သူဆိုင်ရာမူဝါဒချမှတ်ရေးအဖွဲ့ဒါရိုက်တာ Rafaek Frankel ကပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၃) အထွေထွေရွေးကောက်ပွဲအောင်နိုင်ရေးအပါအဝင် အချက်ငါးချက်ဖြင့် ရည်ရွယ်ကျင်းပမည့် ပြည်ခိုင်ဖြိုးပါတီ ဗဟိုကော်မတီအစည်းအဝေး ယခုလအတွင်းပြုလုပ်မည်** (၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၊ ၁၀ရက် ၊ The Daily ELEVEN၊ စာမျက်နှာ ၃)

**မာတိကာ**

၅)၂၀၂၀ရွေးကောက်ပွဲအတွက် ရှေ့ပြေးမဲစာရင်းများ ကောက်ယူစာရင်းသွင်းရာတွင် ကူညီဆောင်ရွက်ပေးသည့်ဌာနများရှိသလို မသိချင်ယောင်ဆောင်နေသည့်ဌာနများရှိဟု ရေပဝတီတိုင်းရွေးကောက်ပွဲကော်မရှင်ပြောကြား ( ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၂၂ ရက်၊ The Daily ELEVEN ၊ စာမျက်နှာ ၂)

၆)၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မြို့နယ်ပေါင်း ၂၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီခေါင်းဆောင် ပြောကြား (၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၊ ၂၂ရက်၊ The Daily ELEVEN ၊ စာမျက်နှာ ၃)

၇)၂၀၂၀ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အနေဖြင့် နိုင်ငံရေးဘက်သို့ ကူးပြောင်းမှုရှိ မရှိကိုစောင့်ကြည့်ရန် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြောကြား ( ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၂၄ရက် ၊The Daily ELEVEN ၊စာမျက်နှာ ၂)

" ၂၀၂၀ (ရွေးကောက်ပွဲ)ကိုအောင်နိုင်ချင်တာက လက်ရှိဖြစ်နေတဲ့ နိမ့်ပါးနေတဲ့နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက်ကို တို့တွေက မြင့်တင်ပေးချင်တဲ့ဆန္ဒ။ အဲ့ဒါကြောင့်မို့ အောင်ချင်တယ်ဆိုတဲ့ရည်ရွယ်ချက်ကို ထည့်ထားခြင်းဖြစ်ပါတယ် " ဟု ပြည်ခိုင်ဖြိုးပါတီ ပြောရေးဆိုခွင့်ရှိသူ ဦးသိန်းထွန်းဦးက ပြောကြားသည်။

ပြည်ခိုင်ဖြိုးပါတီ၏ ဗဟိုကော်မတီကို ၂၇၅ ဦးဖြင့် ဖွဲ့စည်းထားပြီး အရန်ဗဟိုကော်မတီဝင် ၇၅ ဦး ရှိကြောင်း ၎င်းကဆိုသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၄) ၂၀၂၀ရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသူ စာရင်းပြုစုပြီးအခြေအနေသတ်မှတ်ရာတွင် ရေပဝတီတိုင်းဒေသကြီးမှာတိုင်းနှင့် ပြည်နယ်များ၌ ဒုတိယနောက်ဆုံးအဆင့်၌ရှိနေ** (၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၊ ၁၁ ရက်၊ The Daily ELEVEN ၊ စာမျက်နှာ ၂၅)

" ၄.၉.၂၀၁၉ ခုနှစ်အထိ ပြည်နယ်နဲ့တိုင်း ၁၄ ခုနဲ့ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာ မဲစာရင်းပြုစုပြီးအခြေအနေ ကျွန်တော်တို့ကိုဖြန့်ဝေပါတယ်။ တွက်ကြည့်လိုက်ရင် အောက်ဆုံးကရေရင်ဒုတိယရတယ်။ ပြီးစီးမှုအခြေအနေမှာ ရေပဝတီဟာအဲဒီလိုဖြစ်နေပါတယ်။ တခြားပြည်နယ်နဲ့တိုင်းတွေမှာ ကျွန်တော်တို့အောက်မှာရှိတာက ကရင်ဘဲရှိပါတယ်။ ကရင်ကလည်း အနည်းဆုံးနဲ့ နောက်အကျဆုံးဖြစ်နေတယ်။ ကျွန်တော်တို့ရဲ့ပြီးစီးမှုအခြေအနေသည် ၄.၉.၂၀၁၉ အထိ Second Last ပဲဖြစ်နေတဲ့အတွက်ကြောင့် Progress ကို ဒီထက်ပိုပြီးကောင်းအောင်ပြချင်ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လ ၂၈၊ ၂၉၊ ၃၀မှာ ကျွန်တော်နေပြည်တော်ကို အစည်းအဝေးသွားပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီး ကမှာလိုက်တယ်။ ဘာမှာလိုက်လဲဆိုတော့ သူလိုချင်တာကတော့ ဒီစီမံချက်ကာလဖြစ်တဲ့ စက်တင်ဘာလကုန်မှာ အားလုံး မဲစာရင်းပြုစုပြီးတာလိုချင်ပါတယ်တဲ့။ ပြည်နယ်နဲ့တိုင်း ၁၄ခု နဲ့ နေပြည်တော် ပြည်ထောင်စုနယ်မြေ ၁၅ခု၊ အဖွဲ့တွေက ဥက္ကဋ္ဌတွေရော၊ အတွင်းရေးမှူးတွေရော ဘာမှ တင်ပြခွင့်မရခဲ့ဘူး။ ကျွန်တော်တို့ ပြောခွင့်လည်းမရခဲ့ဘူး။ စက်တင်ဘာလကုန်မှာ အကုန်လုံး မဲစာရင်းပြုစုပြီးကုန်တာ လိုချင်တယ်လို့ ပြောပါတယ်။ ကျွန်တော်တို့မှာ တကယ်လက်တွေ့လုပ်ရတာ ဖွန်နဲ့ ဇူလိုင်နှစ်လကို ဘာမှမလုပ်ခဲ့ရဘဲ ဩဂုတ်လလောက်မှာ စလုပ်ရတဲ့အခါမှာ အခက်အခဲတွေအများကြီးပေါ့နော" ဟု ရေပဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးခင်မောင်ဝင်းက ပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## *Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

**၅)၂၀၂၀ရွေးကောက်ပွဲအတွက် ရွေ့ပြောင်းမဲစာရင်းများ ကောက်ယူစာရင်းသွင်းရာတွင်ကူညီဆောင်ရွက်ပေးသည့်ဌာနများရှိသလို မသိချင်ယောင်ဆောင်နေသည့် ဌာနများရှိဟု ရေးဂတိုင်းရွေးကောက်ပွဲကော်မရှင် ပြောကြား** ( ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၂၂ ရက်၊ The Daily ELEVEN ၊ စာမျက်နှာ ၂)

" ကွန်ပျူတာစာရင်းသွင်းမယ့်သူတွေကို ကျွန်တော်တို့ကရှာထားရတယ်။ ကျွန်တော်တို့ကော်မရှင်မှာက လူမရှိဘူးလေ။ မြို့နယ်ကော်မရှင်မှာဖွဲ့စည်းပုံအရ ငါးယောက်ရှိတယ်။ ဒါပေမယ့်အပြည့်ရှိတဲ့ရုံး ဘယ်ရုံးမှမရှိဘူး။ သူက အပြည့်လည်းခန့်ခွင့်မရှိဘူး။ လူနည်းနည်းလေး၊ ရုံးကအပြည့်ခန့်ခွင့်မရှိတဲ့အခါကျတော့ အခက်အခဲတွေအများကြီး ကြုံတာပေါ့နော်။ ကျွန်တော်တို့ လုပ်လို့မရဘူး ဖြစ်သွားရော၊ ကွန်ပျူတာလည်းတစ်လုံး နှစ်လုံးပဲရှိတာပေါ့နော် ။ မရှိဘူး " ဟု ရေးဂတိုင်း ဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်အောင်က ပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၆)၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မြို့နယ်ပေါင်း ၂၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ ခေါင်းဆောင် ပြောကြား** (၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၊ ၂၂ရက်၊ The Daily ELEVEN ၊ စာမျက်နှာ ၃)

" ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီဟာ နာမည်နဲ့လိုက်အောင် ပြည်ထောင်စုကြီး ကောင်းကျိုးဆောင်နိုင်ဖို့အတွက် ပါတီကိုဖွဲ့စည်းထူထောင်ပြီး ပါတီဝင်များရဲ့စိတ်ဓါတ်နဲ့အရည်အချင်းတွေ တိုးတက်အောင်လုပ်မယ်ဆိုတဲ့ အကြောင်းအရာတွေကိုပါတီဝင်တွေနဲ့တွေ့ဆုံတဲ့အခါမှာ အဓိကဆွေးနွေးကြတာဖြစ်ပါတယ်။ ၂၀၂၀ ခုနှစ်အထွေထွေရွေးကောက်ပွဲမှာ ပြည်ထောင်စု ကောင်းကျိုးဆောင်ပါတီအနေနဲ့ အကြမ်းဖျင်းပေါ့။ မြို့နယ်ပေါင်း ၂၂၀ကျော်မှာ ဝင်ရောက်အရွေးခံသွားဖို့ စီစဉ်ထားပါတယ် " ဟု ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ ခေါင်းဆောင် သူရဦးရွှေမန်းက ပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၇)၂၀၂၀ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် နိုင်ငံရေးဘက်သို့ ကူးပြောင်းမှုရှိ မရှိကိုစောင့်ကြည့်ရန် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြောကြား** ( ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၂၉ရက် ၊The Daily ELEVEN ၊စာမျက်နှာ ၂)

**သတင်းစုစည်းမှု မှတ်တမ်း**

ထုတ်ဝေသည့် ရက်စွဲ - ၂ရက်၊ စက်တင်ဘာလ၊ ၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

" ဒါကတော့ ကျွန်တော်တို့စောင့်ကြည့်ပါလို့ပဲ ပြောချင်ပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲကာလ အတွက်က တပ်မတော်သားရဲ့တာဝန်ကတော့ လက်ရှိမှာတပ်မတော်ရဲ့တာဝန်ကို ထမ်းဆောင်နေကြပါတယ်။ ဒီအပေါ်မှာဆက်ပြီးတော့ နိုင်ငံရေးနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ပြီးတာဝန်ထမ်းဆောင်ဖို့ဆိုတာကတော့ အကြောင်းအမျိုးမျိုး တွေ ရှိကောင်းရှိလိမ့်မယ် " ဟု ပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>>　　　　မာတိကာသို့>>>>

**၁) ရွေးကောက်ပွဲစည်းရုံးရေးလုပ်ငန်းစဉ်များ မနှောင့်နှေးစေရန်ယခုလအတွင်း ပါတီမှတ်ပုံတင် ရရှိရန်လိုကြောင်း ၉၀ အမတ်များတည်ထောင်သည့် UNDP ပါတီပြောကြား (၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၄ ရက်၊ The Daily ELEVEN)**

ရွေးကောက်ပွဲစည်းရုံးရေးလုပ်ငန်းစဉ်များ နှောင့်နှေးမှုမရှိစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခုလလယ်မတိုင်မီ ပါတီမှတ်ပုံတင်ချပေးစေလိုကြောင်း ၁၉၉၀ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များ တည်ထောင်သည့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (UNDP) တာဝန်ရှိသူ ဦးအေးဗစ်လှမြင့်က ပြောကြားသည်။

ပါတီတည်ထောင်သူများအနေဖြင့် NLDပါတီနှင့် ဆက်စပ်မှုရှိ၊ မရှိ၊ နိုင်ငံခြားသားခံယူထားခြင်း ရှိ၊ မရှိစိစစ်ခြင်းအပါအဝင် ပါတီမှတ်ပုံတင်လျှောက်ထားရာတွင် စိစစ်သည့်လုပ်ငန်းများကြောင့် လေးလကျော်ကြာမြင့်သည့်အထိ ပါတီမှတ်ပုံတင်မရရှိသေးဟု ၎င်းကဆိုသည်။

" ကျွန်တော်တို့က ရွေးကောက်ပွဲကိုဒေသတစ်ခုတည်း ဝင်မှာမဟုတ်ဘူး။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဝင်မှာ။ အဲ့ဒါကြောင့်ပါတီမှတ်ပုံတင်ချတာ နောက်ကျရင်ရွေးကောက်ပွဲ စည်းရုံးရေးကာလ အချိန်တိုသွားတာပေါ့။ အဲ့ဒါကြောင့် မြန်မြန်ချပေးစေချင်တယ်" ဟု UNDP ပါတီတည်ထောင်ရာတွင်ပါဝင်သူလည်းဖြစ်၊ ၁၉၉၀ ပေါင်တောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်သည့် ဦးအေးဗစ်လှမြင့်က ပြောကြားသည်။

ပါတီတည်ထောင်သူအများစုမှာ ၁၉၉၀ ရွေးကောက်ပွဲတွင် NLD ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူများဖြစ်သည့်အတွက် ပါတီမှ နုတ်ထွက်ထားခြင်း ရှိ မရှိသူနှင့် နိုင်ငံခြားသားအဖြစ်ခံယူထားခြင်းရှိမရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စစ်ဆေးခြင်းဖြစ်ပြီး လက်ရှိတွင် စစ်ဆေးမှုများပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ပါတီတည်ထောင်သူ ၁၇ ဦးစာရင်းတင်ပြရာတွင် အချို့သောတည်ထောင်သူများက NLDပါတီမှ နုတ်ထွက်ကြောင်းအထောက်အထားတစ်ပါတည်း တင်ပြခဲ့သော်လည်း ငါးဦးမှာ နုတ်ထွက်ကြောင်း အထောက်အထားတင်ပြခဲ့ခြင်းမရှိသောကြောင့်

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## Our Mission

"Networking to Support for Holding Genuine Elections with Democratic Norms"

ကော်မရှင်က စစ်ဆေးမေးမြန်းခဲ့ခြင်းဖြစ်ပြီး NLDပါတီကလည်း ၎င်းတို့ပါတီဝင်မဟုတ်တော့ကြောင်းကော်မရှင်ထံ စာပို့ပေးသည်ဟု ဦးဒေးဗစ်လှမြင့်က ပြောကြားသည်။

ပါတီတည်ထောင်ခွင့်ကို ကော်မရှင်ထံဧပြီလကုန်က လျှောက်ထားခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာလကုန်အထိ ပါတီမှတ်ပုံတင်မရှိပါက ကော်မရှင်နှင့်တွေ့ဆုံဆွေးနွေးသွားမည်ဟု ၎င်းကဆိုသည်။

ညီညွတ်သောတိုင်းသားလူမျိုးများဒီမိုကရေစီပါတီ၏မှတ်ပုံတင်ခြင်းကိစ္စအပေါ် ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးတို့၏ စိစစ်မှုပြီးစီးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဘက်က ဆက်လက်ဆောင်ရွက်မှုများသည် ကြာမြင့်မည်မဟုတ်ဟု ကော်မရှင်ပြောရေးဆိုခွင့်ရှိသူ ဦးမြင့်နိုင်က ပြောကြားသည်။

" သက်ဆိုင်ရာဂန်ကြီးဌာနတွေကို သဘောထားတွေ မေးမြန်းထားတာတွေ မစုံသေးလို့ပါ။ စုံရင် ကျွန်တော်တို့ဆီမှာတော့ မကြာပါဘူ " ဟု၎င်းကဆိုသည်။

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ ခေါင်းဆောင်အဖြစ် ၁၉၉၀ သီပေါမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ထွန်းဦးက ဆောင်ရွက်မည်ဖြစ်ပြီး ပါတီဥက္ကဋ္ဌအဖြစ် ၁၉၉၀ ပုဇွန်တောင်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်းနိုင်းက ဆောင်ရွက်ရန်စီစဉ်ထားကြောင်း ပါတီတာဝန်ရှိသူများထံမှ သိရသည်။

ထို့ပြင်တိုင်းရင်းသားခေါင်းဆောင်ရှစ်ဦးကို ပါတီနာယကအဖြစ် ထားရှိသွားမည်ဖြစ်ပြီး ပါတီကို ၁၉၉၀ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၊ ညီညွတ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ (UNDO) ၊ ပြည်ထောင်စုတိုင်းရင်းသားတောင်သူလယ်သမားသမ္မဂ၊ လူ့အခွင့်ရေးချိုးဖောက်မှုစုံစမ်းဖော်ထုတ်ရေးကော်မတီစသည့် အစုအဖွဲ့လေးခုတွင်ပါဝင်သူများဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

လက်ရှိနိုင်ငံရေးအခြေအနေများအရ လွှတ်တော်ပြင်ပ နိုင်ငံရေးလမ်းကြောင်းတစ်ခုတည်းဖြင့် နိုင်ငံ၏အရွေ့ကို ဆောင်ရွက်နိုင်ခြင်းမရှိဟု ယူဆသည့်အတွက် ပါတီတည်ထောင်ကာ လွှတ်တော်အတွင်းနိုင်ငံရေးကို လုပ်ဆောင်ရန်ကြိုးပမ်းခြင်းဖြစ်သည်ဟု ပါတီတာဝန်ရှိသူ ဦးဒေးဗစ်လှမြင့်က ဆိုသည်။

မာတိကာသို့>>>>

**၂) ၂၀၂၀ ရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်ရန်၊ စစ်မှန်သည့်သတင်းအချက်အလက်များဖြန့်ဝေနိုင်ရန်နှင့် Facebook ကို အလွဲသုံးခြင်း မရှိစေရန် ကြိုတင်ပြင်ဆင်နေကြောင်း Facebook တာဝန်ရှိသူများ သတင်းစာရှင်းလင်း** (၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၊ ၆ရက်၊ The Dailiy ELEVEN ၊ စာမျက်နှာ ၁၆)

၂၀၂၀ ရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်ရန်၊ စစ်မှန်သည့်သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ရန်နှင့် Facebook ကို အလွဲသုံးခြင်းမရှိစေရန် ကြိုတင်ပြင်ဆင်နေကြောင်း Facebook တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

Facebook၏ လူမှုအသိုက်အဝန်းဘေးကင်းလုံခြုံမှုရှိစေရန် ၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက်ပြင်ဆင်ရန် မြန်မာနိုင်ငံတစ်ဝန်းရှိ နေရာဒေသအနှံ့တွင် ပြုလုပ်လျက်ရှိသောဒီဂျစ်တယ် အသိပညာပေးအစီအစဉ်များကို ပံ့ပိုးကူညီရန် Facebook က လုပ်ဆောင်ထားမှုများကို မီဒီယာသို့ အသိပေးရှင်းလင်းပွဲကို စက်တင်ဘာလ ၅ ရက်က ရန်ကုန်မြို့ Novotel Hotel ရှိ Royal Pavilion စားသောက်ဆိုင်တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှင်းလင်းပွဲကို မဟာဗျူဟာမြောက် တုံ့ပြန်ဖြေရှင်းရေးအဖွဲ့၏ Regional Program မန်နေဂျာ Sarah oh ၊ အရှေ့တောင်အာရှဒေသ၊ အများပြည်သူဆိုင်ရာ မူဝါဒချမှတ်ရေးအဖွဲ့ ဒါရိုက်တာ Refaek Frankel နှင့် အာရှဖစိဖိတ်ဒေသ Policy Programs မန်နေဂျာ၊ Beth Ann Lim တို့လာရောက်ပြီးၶင်းတို့၏ မူဝါဒများကို ရှင်းလင်းပြောကြားခဲ့သည်။

ရှင်းလင်းပွဲတွင် Facebook မှ တာဝန်ရှိသူများက ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများမပြုလုပ်စေရန်၊ စစ်မှန်သည့်သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ရန်နှင့် Facebook ကို အလွဲသုံးစားခြင်းများမရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြောင်း၊ မြန်မာပြည်ရွေးကောက်ပွဲ နှင့်ပတ်သက်၍ တစ်နှစ်ခန့်ကြိုတင်အချိန်ယူပြုပြင် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

၂၀၂၀ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး Facebook မှ မဟာဗျူဟာမြောက်တုံ့ပြန်ဖြေရှင်းရေးအဖွဲ့၏ Regional Program မန်နေဂျာ Sarah oh က " Facebook အနေနဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ပြင်ဆင်တဲ့အချိန်မှာများသောအားဖြင့် တစ်နှစ်လောက်နေပြီး ပြုပြင်ပြင်ဆင်တယ် ဆိုတာများသောအားဖြင့် လုပ်လေ့လုပ်ထမရှိဘူး။ မြန်မာပြည်နဲ့ပတ်သက်ပြီးတော့ တစ်နှစ်မတိုင်ခင်ကတည်းက ပြင်ဆင်မှုတွေပြုလုပ်နေပါပြီ။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အများကြီးတွေးထားပါတယ်။ မြန်မာပြည်နဲ့ပတ်သက်ပြီးတော့ အများကြီးရင်းနှီးမြှုပ်နှံထားပါတယ်။ နောက်တစ်ခု လုပ်ဆောင်နေတာကတော့ ပြည်တွင်းရော နိုင်ငံတကာရော အဖွဲ့တွေပူးပေါင်းပြီးတော့ သင်တန်းတွေပေးတာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ပါဝင်ပတ်သက်သူတွေ သူတို့အကောင့်တွေသူများတွေမခိုးရအောင် ဘယ်လိုကာကွယ်မလဲ။ အဲ့ဒါနဲ့ပတ်သက်ပြီး သင်တန်းပေးတာကို On Ground မှာပြုလုပ်နေပါတယ်။ ရွေးကောက်ပွဲရောက်ဖို့အတွက်က တစ်နှစ်ကျော်ကျန်သေးပါတယ်။ ဒါပေမဲ့လည်း လုပ်ဆောင်နေပါပြီ။ ဒီကြားထဲမှာလည်း ဘာတွေတိုးမြှင့်ဆောင်ရွက်နေလဲ ဆိုတာ ရှိလာရင် ထပ်မံပြီးတော့အကြောင်းကြားပါမယ်။ Facebook ရဲ့ လူမှုစံနှုန်းကိုချိုးဖောက်တဲ့အခါမှာ တစ်ဦးတစ်ယောက်က Report တင်တဲ့အအခါမှာ လေ့လာသုံးသပ်ပါတယ်။ လူမှုစံနှုန်းအတိုင်း အရေးယူဆောင်ရွက်သွားမှာပါ" ဟု ပြောကြားသည်။

သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၂ရက်၊ စက်တင်ဘာလ၊ ၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ
ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့်
ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော
ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန်
ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

*Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

အွန်လိုင်းပြင်ပတွင် အန္တရာယ်ဖြစ်စေနိုင်ရန် အလားအလာရှိသည့် သတင်းအမှားများကိုရှင်းလင်းရန် မူဂါဒအသစ်တစ်ခုမိတ်ဆက်ခဲ့ပြီး ဖြန့်ဝေနေသည့်အသင်းအဖွဲ့များနှင့် လူတစ်ယောက်ချင်းစီကို စုံစမ်းစစ်ဆေးမှုများ ထိရောက်မှုရှိအောင် ဆောက်ရွက်နေကြောင်း၊ လူမှုမီဒီယာပေါ်တွင် ထင်ယောင်ထင်မှားဖြစ်အောင် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်နေသည့်အကောင့်(သို့မဟုတ်) ပုံမှန် မဟုတ်သည့် စုပေါင်းလှုံ့ဆော်မှုအပြုအမူ (CBI) အပေါ်တွင်လည်း ထိထိရောက်ရောက် အရေးယူဖယ်ရှားမှုများပြုလုပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် တကယ့်အချက်အလက်များဖုံးကွယ်ထားသည့်အဖွဲ့အစည်းများကို ဖယ်ရှားခဲ့သည်မှာ လေးကြိမ်ရှိပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

"Facebook အနေနဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့အခါမှာ Platform ကိုအလွဲသုံးပြုမှုတွေကို မဖြစ်အောင်လို့ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်နေပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ရင် မြန်မာပြည်တစ်ခုတည်းမဟုတ်ပါဘူး။ တခြားမှာကျင်းပခဲ့တဲ့ သင်ခန်းစာတွေကို ပြန်လည်သုံးသပ်ပြီးတော့ နောက်ရွေးကောက်ပွဲတွေမှာ ဒီလိုမျိုးမဖြစ်အောင် ပြုပြင်ပြောင်းလဲမှုတွေလုပ်ပါတယ်။ ဥပမာအားဖြင့်ပြောရရင် အမေရိကန်မှာ ပြုလုပ်ခဲ့တဲ့ရွေးကောက်ပွဲပေါ့။ အဲ့ဒီမှာရရှိခဲ့တဲ့ သင်ခန်းစာတွေကိုပြန်ပြီးတော့ လေ့လာသုံးသပ်ပါတယ်။ ပိုပြီးစစ်မှန်တဲ့သတင်းအချက်အလက်တွေ ရရှိနိုင်ဖို့အတွက် ဘယ်လိုမျိုးလုပ်ပေးရမလဲဆိုတာနဲ့ ပတ်သက်ပြီးတော့ ပြုပြင်ပြောင်းလဲမှုတွေလုပ်နေပါတယ် " ဟု ၂၀၂၀ ရွေးကောက်ပွဲနှင့်ပတ်သက်၍ အများပြည်သူဆိုင်ရာမူဂါဒချမှတ်ရေးအဖွဲ့ဒါရိုက်တာ Rafaek Frankel ကပြောကြားသည်။

မြန်မာဘာသာဖြင့်ရေးသားထားသည့် အကြောင်းအရာများကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးပေးနိုင်သူ အယောက်တစ်ရာ ရှိနေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ တခြားတိုင်းရင်းသား ဘာသာစကားဖြင့် ရေးသားထားသည့်အကြောင်းအရာများကိုလည်း စစ်ဆေးတွေ့ရှိခဲ့ကြောင်းသိရသည်။

မာတိကာသို့>>>>

**၃) အထွေထွေရွေးကောက်ပွဲအောင်နိုင်ရေးအပါအဝင် အချက်ငါးချက်ဖြင့် ရည်ရွယ်ကျင်းပမည့် ပြည်ခိုင်ဖြိုးပါတီ ဗဟိုကော်မတီအစည်းအဝေး ယခုလအတွင်းပြုလုပ်မည်** (၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၊ ၁၀ရက် ၊ The Daily ELEVEN၊ စာမျက်နှာ ၃)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ပဋ္ဌမအကြိမ်ဗဟိုကော်မတီ အစည်းအဝေးကို စက်တင်ဘာ ၁၄ ရက်နှင့် ၁၅ရက်တို့တွင် နေပြည်တော်ရှိ ပါတီဌာနချုပ်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါအစည်းအဝေးတွင် အထွေထွေရွေးကောက်ပွဲအောင်နိုင်ရေး၊ ပါတီစည်းလုံးရေးညီညွတ်မှုပိုမိုခိုင်မာရေးတို့ အပါအဝင်အချက်ငါးချက်ကို အဓိကထားဆွေးနွေးကြမည်ဟု ပါတီပြောရေးဆိုခွင့်ရှိသူ ဦးသိန်းထွန်းဦးက ပြောကြားသည်။

**သတင်းစုစည်းမှု မှတ်တမ်း**

ထုတ်ဝေသည့် ရက်စွဲ - ၂ရက်၊ စက်တင်ဘာလ၊ ၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

ဗဟိုကော်မတီအစည်းအဝေးရည်ရွယ်ချက်များအဖြစ် တစ်နေ့တခြားနိမ့်ပါးယိုယွင်းလာသော ပြည်ထောင်စုနိုင်ငံတော်ကြီးနှင့် နိုင်ငံသားများဘဝကို စောင့်ရှောက်မြှင့်တင်နိုင်ရန်အတွက် အထွေထွေရွေးကောက်ပွဲကြီးအောင်နိုင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုနိုင်ငံတော်ပေါ်ထွန်းရေး၊ နိုင်ငံတော်တည်ငြိမ် အေးချမ်းမှုနှင့် စီးပွားဖွံ့ဖြိုးမှုမပျက်ယွင်းစေဘဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ခေတ်ကာလ လိုအပ်ချက်နှင့်အညီ နည်းလမ်းတကျ အဆင့်ဆင့်ပြင်ဆင်ရေးစသည့် အချက်များအားထည့် သွင်း ဖော်ပြထားသည်။

ထို့ပြင် ပါတီနှင့်သက်ဆိုင်သည့် ပါတီတွင်းစည်းလုံးညီညွတ်မှု ပိုမိုကျစ်လစ်ခိုင်မာရေး၊ ပါတီ စည်းကမ်းနှင့်မူဂါဒလမ်းညွှန်ချက်များကို တိကျစွာလိုက်နာအကောင်အထည်ဖော်ရေးတို့ကို ဆွေးနွေးမည်ဟု သိရသည်။

“ ၂၀၂၀ (ရွေးကောက်ပွဲ)ကိုအောင်နိုင်ချင်တာက လက်ရှိဖြစ်နေတဲ့ နိမ့်ပါးနေတဲ့နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက်ကို တို့တွေက မြှင့်တင်ပေးချင်တဲ့ဆန္ဒ။ အဲ့ဒါကြောင့်မို့ အောင်ချင်တယ် ဆိုတဲ့ရည်ရွယ်ချက်ကို ထည့်ထားခြင်းဖြစ်ပါတယ် ” ဟု ပြည်ခိုင်ဖြိုးပါတီ ပြောရေးဆိုခွင့်ရှိသူ ဦးသိန်းထွန်းဦးက ပြောကြားသည်။

ပြည်ခိုင်ဖြိုးပါတီ၏ ဗဟိုကော်မတီကို ၂၇၅ ဦးဖြင့် ဖွဲ့စည်းထားပြီး အရန်ဗဟိုကော်မတီဝင် ၇၅ဦး ရှိကြောင်း ၎င်းကဆိုသည်။

ပါတီ၏စတုတ္ထအကြိမ် ဗဟိုကော်မတီအစည်းအဝေးကို ၂၀၁၆ခုနှစ်က ကျင်းပခဲ့ပြီး သုံးနှစ်အကြာ တွင် ပဉ္စမအကြိမ်ပြန်လည်ကျင်းပ ခြင်းဖြစ်သည်။

မာတိကာသို့>>>>

**၄) ၂၀၂၀ရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသူ စာရင်းပြုစုပြီးအခြေအနေသတ်မှတ်ရာတွင် ဧရာဝတီတိုင်းဒေသကြီးမှာတိုင်းနှင့် ပြည်နယ်များ၌ ဒုတိယနောက်ဆုံးအဆင့်၌ရှိနေ** (၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၊ ၁၁ ရက်၊ The Daily ELEVEN ၊ စာမျက်နှာ ၂၅)

၂၀၂၀ ရွေးကောက်ပွဲအတွက်မဲပေးပိုင်ခွင့်ရှိသူစာရင်းပြုစုပြီး အခြေအနေသတ်မှတ်ရာတွင် ဧရာဝတီတိုင်းဒေသကြီးမှာ တိုင်းနှင့်ပြည်နယ်များ၌ ဒုတိယနောက်ဆုံးအဆင့်တွင်ရှိနေကြောင်း သိရသည်။

ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမတွင် ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ၌ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မှ တာဝန်ရှိသူတို့က ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

“လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ”

## Our Vision

*“A state with Thriving Democracy through Free and Fair Elections”*

## ရည်မှန်းချက်

“ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း”

## Our Mission

“Networking to Support for Holding Genuine Elections with Democratic Norms”

“ ၄.၉.၂၀၁၉ ခုနှစ်အထိ ပြည်နယ်နဲ့တိုင်း ၁၄ ခုနဲ့ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာ မဲစာရင်းပြုစုပြီးအခြေအနေ ကျွန်တော်တို့ကိုဖြန့်ဝေပါတယ်။ တွက်ကြည့်လိုက်ရင် အောက်ဆုံးက ရေရင်ဒုတိယရတယ်။ ပြီးစီးမှုအခြေအနေမှာ ရောဂတီဟာအဲဒီလိုဖြစ်နေပါတယ်။ တခြား ပြည်နယ်နဲ့တိုင်းတွေမှာ ကျွန်တော်တို့အောက်မှာရှိတာက ကရင်ဘဲရှိပါတယ်။ ကရင်ကလည်း အနည်းဆုံးနဲ့ နောက်အကျဆုံးဖြစ်နေတယ်။ ကျွန်တော်တို့ရဲ့ပြီးစီးမှုအခြေအနေသည် ၄.၉.၂၀၁၉ အထိ Second Last ပဲဖြစ်နေတဲ့အတွက်ကြောင့် Progressကို ဒီထက်ပိုပြီး ကောင်းအောင်ပြချင်ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လ ၂၈၊ ၂၉၊ ၃၀မှာ ကျွန်တော်နေပြည်တော်ကို အစည်းအဝေးသွားပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီး ကမှာလိုက်တယ်။ ဘာမှာလိုက်လဲဆိုတော့ သူလိုချင်တာကတော့ ဒီစီမံချက်ကာလဖြစ်တဲ့ စက်တင်ဘာလကုန်မှာ အားလုံး မဲစာရင်းပြုစုပြီးတာလိုချင်ပါတယ်တဲ့။ ပြည်နယ်နဲ့တိုင်း ၁၄ခု နဲ့ နေပြည်တော် ပြည်ထောင်စုနယ်မြေ ၁၅ခု၊ အဖွဲ့တွေက ဥက္ကဋ္ဌတွေရော၊ အတွင်းရေးမှူးတွေရော ဘာမှ တင်ပြခွင့်မရခဲ့ဘူး။ ကျွန်တော်တို့ ပြောခွင့်လည်းမရခဲ့ဘူး။ စက်တင်ဘာလကုန်မှာ အကုန်လုံး မဲစာရင်းပြုစုပြီးကုန်တာ လိုချင်တယ်လို့ ပြောပါတယ်။ ကျွန်တော်တို့မှာ တကယ်လက်တွေ့ လုပ်ရတာ ဇွန်နဲ့ ဇူလိုင်နှစ်လကို ဘာမှမလုပ်ခဲ့ရဘဲ ဩဂုတ်လလောက်မှာ စလုပ်ရတဲ့အခါမှာ အခက်အခဲတွေအများကြီးပေါ့နော” ဟု ရောဂတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးခင်မောင်ဂင်းက ပြောကြားသည်။

လူဦးရေကောက်ယူမှုကို ၂၀၁၉ခုနှစ် ဖွန်လတွင် စတင်ရမည်ဟု သတ်မှတ်ထားသော်လည်း လိုအပ်သည့်သင်တန်းများ၊ ဆင့်ပွားသင်တန်းများ ဆောင်ရွက်နေရမှုကြောင့် နှစ်လခန့်နောက်ကျပြီးမှ လက်တွေ့မြေပြင်၌ ဆောင်ရွက်နိုင်ခဲ့ကြောင်း ရောဂတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးခင်မောင်ဂင်း ဆက်လက်ပြောကြားသည်။

မာတိကာသို့>>>>

**၅)၂၀၂၀ရွေးကောက်ပွဲအတွက် ရွေ့ပြောင်းမဲစာရင်းများ ကောက်ယူစာရင်းသွင်းရာတွင်ကူညီဆောင်ရွက်ပေးသည့်ဌာနများရှိသလို မသိချင်ယောင်ဆောင်နေသည့် ဌာနများရှိဟု ရောဂတီတိုင်းရွေးကောက်ပွဲကော်မရှင် ပြောကြား** ( ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၂၂ ရက်၊ The Daily ELEVEN ၊ စာမျက်နှာ ၂)

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများမှန်ကန်စေရန်အတွက် ရောဂတီတိုင်းဒေသကြီးအတွင်း ရွေ့ပြောင်းမဲစာရင်းများ ကောက်ယူပြုစုနေရာ၌ စာရင်းများလျင်မြန်စွာပြီးစီးနိုင်ရေးအတွက် အားတက်သရော ကူညီဆောင်ရွက်ပေးနေသည့် အစိုးရဌာနများရှိသကဲ့သို့ မသိချင်ယောင်ဆောင်နေသည့် ဌာနများလည်းရှိနေကြောင်း ရောဂတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြင့်က ပြောကြားသည်။

**သတင်းစုစည်းမှု မှတ်တမ်း**

ထုတ်ဝေသည့် ရက်စွဲ - ၂၅ရက်၊ စက်တင်ဘာလ၊ ၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၉လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

မဲစာရင်းများ ပြုစုစာရင်းသွင်းနိုင်ရေးအတွက် ကော်မရှင်ထံတွင် ပြည့်စုံသည့်ဂန်ထမ်းအင်အားနှင့် ကွန်ပျူတာအရေအတွက် မရှိသောကြောင့် အချိန်မီမဲစာရင်းများ ပြီးစီးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရထံမှတဆင့် ဌာနဆိုင်ရာများကို အကူအညီတောင်းခံထားရကြောင်း၊ ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်နေရာတွင်အားတက်သရော ကူညီဆောင်ရွက်ပေးနေသည့်ဌာနများရှိသကဲ့သို့ မသိချင်ယောင်ဆောင်နေသည့် ဌာနများရှိနေသောကြောင့် မဲစာရင်းပြုစုနိုင်ရေးမှာ ကြန့်ကြာမှုများလည်းရှိနေခဲ့ကြောင်း ၎င်းကပြောကြားသည်။

" ကွန်ပျူတာစာရင်းသွင်းမယ့်သူတွေကို ကျွန်တော်တို့ကရှာထားရတယ်။ ကျွန်တော်တို့ ကော်မရှင်မှာက လူမရှိဘူးလေ။ မြို့နယ်ကော်မရှင်မှာ ဖွဲ့စည်းပုံအရ ငါးယောက်ရှိတယ်။ ဒါပေမယ့်အပြည့်ရှိတဲ့ရုံး ဘယ်ရုံးမှမရှိဘူး။ သူက အပြည့်လည်းခန့်ခွင့်မရှိဘူး။ လူနည်းနည်းလေး၊ ရုံးကအပြည့်ခန့်ခွင့်မရှိတဲ့အခါကျတော့ အခက်အခဲတွေအများကြီး ကြုံတာပေါ့နော်။ ကျွန်တော်တို့ လုပ်လို့မရဘူး ဖြစ်သွားရော၊ ကွန်ပျူတာလည်းတစ်လုံး နှစ်လုံးပဲရှိတာပေါ့နော် ။ မရှိဘူး " ဟု ဧရာဝတီတိုင်း ဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်အောင်က ပြောကြားသည်။

ဆက်လက်၍ " အဲ့ဒီတော့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်တွေက ဘာလုပ်ရလဲဆိုတော့ သူများဌာနတွေကို အကူအညီတောင်းရတာပေါ့။ အဲ့ဒါအခက်ခဲဆုံးပါပဲ။ ကျွန်တော်တို့ဂန်ကြီးချုပ်ဆီတင်ပြရတာပေါ့။ အခြားဌာနတွေ အကူအညီရအောင်ဆိုပြီးတော့၊ သူတို့ကလည်းအကုန်လုံးကို လုပ်ပေးရတာပေါ့။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးကို အစိုးရအဖွဲ့က ညွှန်ကြားလိုက်တာပေါ့ဗျာ။ ကူညီဆောင်ရွက်ပေးကြပါပေါ့ဗျာ။ အဲ့ဒီအခါကျတော့ ခရိုင်အုပ်ချုပ်ရေးတို့၊ မြို့နယ်အုပ်ချုပ်ရေးတို့က အဲ့ဒီကွန်ပျူတာတွေ ဘယ်ဌာနကငှားပေးမလဲ ကော်မရှင်ကို၊ နောက်ပြီးတော့ ကွန်ပျူတာရိုက်တာကို DEO လို့ခေါ်တာပေါ့ဗျာ။ အဲ့ဒီလူတွေကိုလည်းပေးကြပါ။ အဲ့ဒါထွေအုပ်ကနေပြီးတော့မှ နှိုးဆော်ရတာ။ ကျွန်တော်တို့ကဂန်ကြီးချုပ် အစိုးရကိုတင်ပြ။ ဂန်ကြီးချုပ်တို့ တိုင်းမင်းကြီးတို့ကနေ အထွေထွေအုပ်ချုပ်ရေးကို ညွှန်ကြားတဲ့အခါကျတော့ သူတို့လည်းမနေသာဘူးပေါ့ဗျာ။ ကွန်ပျူတာစာရင်းရိုက်မယ့်သူတွေ ကူညီပေးကြပါ ဆိုပြီးတော့ မြို့နယ်အဆင့်ထိ နှိုးဆော်တာပေါ့ဗျာ။ အဲ့ဒီမှာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဦးဆောင်ပြီးတော့ ကော်မရှင်ကော်မတီရဲ့ဥက္ကဋ္ဌနဲ့ အနေးအညှတ်မေတ္တာရပ်ခံတာပေါ့။ အဲ့အခါမှာ အားတက်သရော ကူညီတဲ့ဌာနတွေလည်းရှိသလို မသိချင်ယောင်ဆောင်တဲ့ဌာနတွေလည်း ကြုံရတာပေါ့ဗျာ။ ဒါလူ့ သဘာဂပါဘဲ။ အခုကျွန်တော်တို့ကို အားတက်သရောနဲ့ကူညီတဲ့ဌာနကို ကျေးဇူးတင်တယ်။ ကျွန်တော်တို့မှာ စာရင်းတွေရှိတယ်။ သေချာမှတ်ထားတယ်။ အားတက်သရောကူညီတဲ့ ဌာနတွေရှိတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့က ဖြစ်အောင်လုပ်ရမှာပေါ့နော်၊ မဖြစ်လို့မရဘူး။ ဖြစ်အောင်လုပ်ရမယ်" ဟု ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်အောင်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရွှေ့ပြောင်းမဲစာရင်းများပြုစုနေမှုမှာ စက်တင်ဘာ ၁၁ ရက်ထိ စာရင်းများအရ ၃၁ ဒသမ ၈ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ
ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့်
ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော
ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန်
ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## Our Mission

"Networking to Support for Holding Genuine Elections with Democratic Norms"

မာတိကာသို့>>>>

**၆)၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မြို့နယ်ပေါင်း ၂၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ရန်စီစဉ်ထားကြောင်း ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီခေါင်းဆောင် ပြောကြား**
**(၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၊ ၂၂ရက်၊ The Daily ELEVEN ၊ စာမျက်နှာ ၃)**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ ( UBP) မှ မြို့ပေါင်း၂၂၀ကျော် ဝင်ရောက် ယှဉ်ပြိုင်အရွေးခံသွားရန် စီစဉ်ထားကြောင်းပါတီခေါင်းဆောင် သူရဦးရွှေမန်းပြောကြားသည်။

စက်တင်ဘာ ၂၀ ရက်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပါတီဝင်များနှင့် တွေ့ဆုံပွဲသို့ လာရောက်ခဲ့ရာတွင် သတင်းမီဒီယာများ၏ မေးမြန်းမှုနှင့် ပတ်သက်၍ ပြောကြားခဲ့ခြင်းဖြစ်သည်။

" ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီဟာ နာမည်နဲ့လိုက်အောင် ပြည်ထောင်စုကြီး ကောင်းကျိုးဆောင်နိုင်ဖို့အတွက် ပါတီကိုဖွဲ့စည်းထူထောင်ပြီး ပါတီဝင်များရဲ့စိတ်ဓါတ်နဲ့ အရည်အချင်းတွေ တိုးတက်အောင်လုပ်မယ်ဆိုတဲ့ အကြောင်းအရာတွေကို ပါတီဝင်တွေနဲ့တွေ့ဆုံတဲ့အခါမှာ အဓိကဆွေးနွေးကြတာဖြစ်ပါတယ်။ ၂၀၂၀ ခုနှစ်အထွေထွေရွေးကောက်ပွဲမှာ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီအနေနဲ့ အကြမ်းဖျင်းပေါ့။ မြို့နယ်ပေါင်း ၂၂၀ကျော်မှာ ဝင်ရောက်အရွေးခံသွားဖို့ စီစဉ်ထားပါတယ် " ဟု ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီခေါင်းဆောင် သူရဦးရွှေမန်းက ပြောကြားသည်။

လက်ရှိနိုင်ငံ၏အခြေအနေသည် သတိထားပြောဆိုလုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်နေပြီး အပြောများ၍အလုပ်များ၍မရဘဲ မည်သူမဆိုနိုင်ငံကိုချစ်တတ်ရန်နှင့် ချစ်ကြောင်းပြနိုင်ရန်လိုအပ်ကြောင်း သူရဦးရွှေမန်းက ပြောကြားသည်။

"ဒီနေ့နိုင်ငံလျှောက်နေတဲ့လမ်းမှာ အင်မတန်သတိထားပြောဆို လုပ်ကိုင်ဆောင်ရွက်ဖို့အရေးကြီးပါတယ်။ အပြောများလို့လည်းမဖြစ်ဘူး။ အလုပ်များလို့လည်းမဖြစ်ဘူး။ ကိုယ့်နိုင်ငံကိုချစ်တဲ့နေရာမှာ ချစ်တတ်ဖို့လိုပါတယ်။ မည်သူမဆိုနိုင်ငံကိုချစ်တဲ့သူများ ချစ်တယ်လို့ယူဆတယ်ဆိုရင် မည်သူမဆိုမှန်မှန်ကန်ကန် နိုင်ငံကိုချစ်တတ်ဖို့နဲ့ ချစ်ကြောင်းပြသနိုင်ဖို့ လိုအပ်ပါတယ် " ဟု သူရဦးရွှေမန်းက ပြောကြားသည်။

လက်ရှိနိုင်ငံရေးအခြေအနေများနှင့် ပတ်သက်၍ သူရဦးရွှေမန်းက ပြောကြားရာတွင်လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတစ်ခုအပေါ်တွင် မသုံးသပ်လိုဘဲ နိုင်ငံအနေဖြင့် သုံးသပ်လိုကြောင်းပြောကြားသည်။

ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ (UBP) ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဂတီတိုင်း

## သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၂ရက်၊ စက်တင်ဘာလ၊ ၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်အစရှိသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့သွားရောက်ကာ ပါတီရုံးခွဲများဖွင့်လှစ်ခြင်း ပါတီဝင်များနှင့် တွေ့ဆုံခြင်းများ ပြုလုပ်လျက်ရှိသည်။

ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ (UBP) ကို ၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၅ရက်က ပါတီတည်ထောင်ခွင့်နှင့်မှတ်ပုံတင်ခွင့်ကို စတင်လျှောက်ထားခဲ့ခြင်းဖြစ်ပြီး ဧပြီလတွင်ပါတီမှတ်ပုံတင်ရရှိကာ ပါတီရုံးခွဲပေါင်း ၂၀၀ကျော် ဖွင့်လှစ်ထားပြီး ပါတီဝင်ဦးရေနှစ်သိန်းကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

မာတိကာသို့>>>>

**၇)၂၀၂၀ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် နိုင်ငံရေးဘက်သို့ ကူးပြောင်းမှုရှိ မရှိကိုစောင့်ကြည့်ရန် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြောကြား** ( ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၂၉ရက် ၊The Daily ELEVEN ၊စာမျက်နှာ ၂)

၂၀၂၀ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးကြီးမင်းအောင်လှိုင် အနေဖြင့် နိုင်ငံရေးဘက်သို့ ကူးပြောင်းမှုရှိ မရှိအားစောင့်ကြည့်ရန် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ထွန်းထွန်းညီက ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၈ရက်တွင် နေပြည်တော်ရှိတပ်မတော်စစ်သမိုင်းပြတိုက်တွင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ သတင်းမီဒီယာများနှင့်တွေ့ဆုံပြီး သတင်းစာရှင်းလင်းပွဲတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

သတင်းထောက်တစ်ဦးက"တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနေနဲ့ ၂၀၂၀ရွေးကောက်ပွဲတွင် နိုင်ငံရေးဘက်ကို ကူးပြောင်းဖို့ရှိမလားပေါ့။ တကယ်လို့ ကူးပြောင်းခဲ့မယ်ဆိုရင်ရော ဘယ်လိုပုံစံမျိုးနဲ့ ဝင်ရောက်ဖို့ရှိမလဲဆိုတာ သိချင်ပါတယ် " ဟု မေးမြန်းခဲ့သည်။

အဆိုပါမေးမြန်းချက်နှင့်ပတ်သက်ပြီး ဗိုလ်ချုပ်ထွန်းထွန်းညီက " တချို့မီဒီယာတွေမှာလည်း ရေးကြဖော်ပြကြတာ တွေ့ပါတယ်။ ဒါကတော့သူ့ရဲ့ပုဂ္ဂိုလ်ရေးကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ နိုင်ငံတာဝန်တွေကို ထမ်းဆောင်လာတဲ့အတွေ့အကြုံတွေ၊ အရည်အချင်းတွေ၊ အတွေ့အကြုံတွေပေါ့။ တစ်သက်လုံးတာဝန်တွေကို ထမ်းဆောင်လာခဲ့တယ်။ လက်ရှိမှာလည်းနိုင်ငံတော်ရဲ့အရေးကြီးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်တွေကို ထမ်းဆောင်နေတာပေါ့။ အဲ့ဒီတော့ တပ်မတော်သားတွေအများစုက နိုင်ငံ့တာဝန်ကိုထမ်းဆောင်နေကြတဲ့သူတွေ အားလုံးကတော့ ကာကွယ်ရေးပေါ့။ နိုင်ငံတာဝန် ထမ်းဆောင်ဖို့အတွက်ကို နိုင်ငံတော်က လိုအပ်ချက်ရှိလာလို့ရှိရင်လည်း ဘယ်နေရာ မဆိုထမ်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်များဖြစ်ဖို့ ကြိုးစားနေလေ့ရှိပါတယ်။ အထူးသဖြင့်ခေါင်းဆောင်

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ
ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## Our Mission

"Networking to Support for Holding Genuine Elections with Democratic Norms"

ပိုင်းတွေပေါ့။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့လည်း အနေအထား၊ အခြေအနေပေါ်မှာမူတည်ပြီးတော့မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ပြီးဆုံးတဲ့အခြေအနေမျိုးမှာဆိုလို့ရှိရင်လည်း ဒါက နိုင်ငံသားတိုင်းဘယ်သူမဆိုအခြေခံဥပဒေမှာ ပြဋ္ဌာန်းပြီးသားပါ။ ဒါနဲ့ပတ်သက်ပြီးတော့ တစ်နေရာမဟုတ် တစ်နေရာတော့ နိုင်ငံ့တာဝန်တွေကို သူစွမ်းဆောင်သမျှစွမ်းဆောင်နိုင်လိမ့်မယ်လို့ ကျွန်တော်တော့ ယုံကြည်ပါတယ်။ ဒီအပေါ်မှာလည်းသူရဲ့ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ ဆက်ပြီး ဘယ်လိုဖြစ်လာမလဲဆိုတာတော့ စောင့်ကြည့်ပါ " ဟု ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ၂၀၂၀ ရွေးကောက်ပွဲတွင် တပ်မတော်မှ ထိပ်ပိုင်းခေါင်းဆောင်တွေ ဝင်ရောက်ယှဉ်ပြိုင်ရန် အလားအလာရှိပါသလားဆိုသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍လည်း စောင့်ကြည့်ရန်သာ ၎င်းကဖြေကြားသည်။

ဗိုလ်ချုပ်ထွန်းထွန်းညီက " ဒါကတော့ ကျွန်တော်တို့စောင့်ကြည့်ပါလို့ပဲ ပြောချင်ပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲကာလအတွက်က တပ်မတော်သားရဲ့တာဝန်ကတော့ လက်ရှိမှာ တပ်မတော်ရဲ့တာဝန်ကိုထမ်းဆောင်နေကြပါတယ်။ ဒီအပေါ်မှာဆက်ပြီးတော့ နိုင်ငံရေးနဲ့ပတ်သက်ပြီးတော့ ဆက်လက်ပြီးတာဝန်ထမ်းဆောင်ဖို့ဆိုတာကတော့ အကြောင်းအမျိုးမျိုးတွေ ရှိကောင်းရှိလိမ့်မယ် " ဟု ပြောကြားသည်။

ပြီးခဲ့သည့်၂၀၁၀ရွေးကောက်ပွဲတွင် တပ်မတော်၏ထိပ်ပိုင်းခေါင်းဆောင်များဖြစ်သည့် ကြည်း၊ ရေ၊ လေ ( ညိုနှိုင်းကွပ်ကဲရေးမှူး) တာဝန်ထမ်းဆောင်ခဲ့သည့် သူရဦးရွှေမန်းအပါအဝင် ဗိုလ်ချုပ်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် အခြားအဆင့်များရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ထို့အတူ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင်လည်း ကြည်း၊ ရေ၊ လေ ( ညိုနှိုင်းကွပ်ကဲရေးမှူး) တာဝန်ထမ်းဆောင်ခဲ့သည့် ဦးလှဌေးဝင်းအပါအဝင် တပ်မတော်မှထိပ်ပိုင်းအဆင့်မြင့်အရာရှိကြီးများ ဝင်ရောက်ယှဉ်ပြိုင်သည့် အစဉ်အလာများရှိခဲ့သည်။

ထို့ပြင် ဂေဖန်မှုများထွက်ပေါ်နေသည့် တပ်တွင်းမဲရုံကိစ္စများနှင့်ပတ်သက်ပြီး လက်ရှိအချိန်တွင် တိကျသည့်ဖြေကြားမှုများမပြုလုပ်နိုင်သေးကြောင်း၊ ရွေးကောက်ပွဲကော်မရှင်၏ တာဝန်ဖြစ်ကြောင်း၊ သို့ရာတွင် တပ်မတော်သားအနေဖြင့် ၂၄ နာရီ တာဝန်ထမ်းဆောင်နေရသည့်အတွက် အခက်အခဲများရှိကြောင်း ဗိုလ်ချုပ်ထွန်းထွန်းညီက ပြောကြားခဲ့သည်။

မာတိကာသို့>>>>